ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
ကလေးဝတောရကျောင်းစာသင်တိုက်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

မြန်မာ့အသံမှ အသံလွှင့်ဟောကြားတော်မူသော

# ဓမ္မစကြာအခါတော်နေ့ တရားတော်

နှင့်

# အနတ္တလက္ခဏအခါတော်နေ့တရားတော်

၂၉၄.၃
၁-၄၄
၈၇၇

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်

ကလေးဝတောရကျောင်းစာသင်တိုက်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

တွဲဖက်အကျိုးတော်ဆောင်

ကလေးဝတောရဆရာတော်

ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ

အဂ္ဂမဟာပဏ္ဍိတ

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

၁၃၆၈ ခု၊ ဝါဆိုလပြည့်နေ့ (၉-၇-၂၀၀၆)

မြန်မာ့အသံမှ

အသံလွှင့်ဟောကြားတော်မူသော

# ဓမ္မစကြာအခါတော်နေ့ တရားတော်

# ကလေးဝဆရာတော်

## ဟောကြားတော်မူသော

## သာသနာနှစ် ၂၅၅၀ နှစ်၊

## ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ ဝါဆိုလပြည့် ၂၅၉၅ ကြိမ်မြောက်

## ဓမ္မစကြာအခါတော်နေ့တရားတော်

**အဝိဇ္ဇာက အမှားလမ်းစဉ် တီထွင်ပေးပုံ**

ယောဂီသူတော်စင်များ ယခု လပြည့်နေ့မှာ တရားအားထုတ်နေကြပါတယ်။ ယောဂီသူတော်စင်များ တရားအားထုတ်နေတဲ့အချိန် တရားစကားပြောရတာ အင်မတန်လိုက်ဖက်ပါတယ်။ မြတ်စွာဘုရားက -

အဝိဇ္ဇာ ဘိက္ခဝေ ပုဗ္ဗင်္ဂမာ အကုသလာနံ ဓမ္မာနံ
သမာပတ္တိယာ။

(မဟာဝဂ္ဂသံယုတ်-မဂ္ဂသုတ်-၁)

ဘိက္ခဝေ= ရဟန်းတို့၊ အဝိဇ္ဇာ= အဝိဇ္ဇာသည်၊ အကုသလာနံ ဓမ္မာနံ= အကုသိုလ်တရားတို့သို့၊ သမာပတ္တိယာ= ရောက်ခြင်းငှာ၊ ပုဗ္ဗင်္ဂမာ= ရှေ့သွားဖြစ်ပါပေ၏။

ရဟန်းတို့ အကုသိုလ်ဖြစ်ပွားဖို့ရာနဲ့ ပတ်သက်လို့ "မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"လို့ ခေါ်တဲ့ အဝိဇ္ဇာဟာ မိုက်မဲတဲ့သဘော ရှိတယ်။ မှောင်ကျတဲ့သဘော ရှိတယ်။

အဲဒီ အဝိဇ္ဇာဟာ အကုသိုလ်တရားတွေ ဖြစ်ပွားဖို့ ရှေ့သွားခေါင်းဆောင်။

အကုသိုလ်တရားတွေနဲ့ပဲ သဟဇာတ အတူတကွဖြစ်ပြီးတော့လဲ ကျေးဇူးပြုတယ်။ အားကြီးသောမှီရာ ဥပနိဿယ အနေအထားဖြင့်လဲ အကုသိုလ်တရားတွေနဲ့ တွဲမိတယ်။

အဲဒီလို အဝိဇ္ဇာဖြစ်ပြီဆိုလို့ရှိရင် မိုက်မဲတဲ့အဝိဇ္ဇာဖြစ်ပြီဆိုရင် မှောင်ကျတဲ့အဝိဇ္ဇာဖြစ်ပြီဆိုရင် သူနဲ့တွဲပါပြီးတော့နေတာက ဘာလဲလို့ ဆိုတော့ **အဟိရိက အနောတ္တပ္ပ**။

အဟိရိက= မကောင်းမှုပြုရမှာ မရှက်ဘူး၊ ရွာဝက်လိုပဲ။ အနောတ္တပ္ပ= မကောင်းမှုပြုရမှာ မကြောက်ဘူး၊ ပိုးဖလံမျိုး မီးကိုတိုးသလိုပဲ။

ဒီတရားဆိုး တရားပျက်တွေဟာ တူလူဆွဲပြီးတော့ တစ်ခါထဲပါ သွားတယ်။ ဒီတရားဆိုး (၂)ပါးဟာ ကမ္ဘာဖျက်တရားတွေပဲ။

အဲဒီ တရားဆိုး (၂)မျိုးနဲ့ အတူတွဲနေတဲ့အခါကျတော့ "မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"ဆိုတဲ့ အဝိဇ္ဇာလွှမ်းမိုးနေတဲ့ ပုဂ္ဂိုလ်များမှာဆိုရင် မိစ္ဆာဒိဋ္ဌိ မမှန်ကန်တဲ့ အမြင်အယူအဆ။ ဝဋ်မှာ မထွက်မြောက်နိုင်ပဲ ဝဋ်ထဲမှာ တပေပေနေမဲ့ အမြင်အယူအဆဆိုးဟာ တိုးပွားလာတယ်။

အဲဒီလို မိစ္ဆာဒိဋ္ဌိ အယူမှားဖြစ်ပွားလာပြီ တိုးပွားလာပြီဆိုရင် မိစ္ဆာသင်္ကပ္ပ= မှားယွင်းတဲ့ အကြံအစည် တိုးပွားလာတယ်။

မှားယွင်းတဲ့အကြံအစည် ဖြစ်ပေါ်လာပြီဆိုရင် မှားယွင်းတဲ့စကား- မိစ္ဆာဝါစာ၊ မှားယွင်းတဲ့အပြုအမူ- မိစ္ဆာကမ္မန္တ၊ မှားယွင်းတဲ့အသက်မွေးမှု- မိစ္ဆာဇီဝ။

ဒီမိစ္ဆာဇီဝ မှားယွင်းတဲ့အသက်မွေးမှုဟာ ကာယဒွါရ၊ ဝစီဒွါရတွေမှာ ဖြစ်တာကိုး။ မှားယွင်းတဲ့လုံ့လ- မိစ္ဆာဝါယမ၊ မမှန်ကန်တဲ့သတိ- မိစ္ဆာသတိ၊ မမှန်ကန်တဲ့သမာဓိ- မိစ္ဆာသမာဓိ။

အဲဒီလို တရားဆိုး တရားပျက်တွေဟာ တစ်ခါထဲ မသိမိုက်မဲတဲ့ အဝိဇ္ဇာကို အခြေခံပြီးတော့ ဖြစ်ပေါ်ပြီးတော့ လာကြတယ်။ ဒါဟာ အဝိဇ္ဇာက အမှားလမ်းစဉ် တီထွင်ပေးပုံပါပဲ။

**ဝိဇ္ဇာက အမှန်ကျူးလမ်းစဉ် တံခါးဖွင့်ပေးပုံ**

အဝိဇ္ဇာရဲ့ ဆန့်ကျင်ဘက် ဝိဇ္ဇာကျတော့-

"ဝိဇ္ဇာဘိက္ခဝေ ပုဗ္ဗင်္ဂမာ ကုသလာနံ ဓမ္မာနံ သမာပတ္တိယာ"

ရဟန်းတို့ ကုသိုလ်တရားတို့သို့ ဆိုက်ရောက်ဖို့ရာ ကုသိုလ်ရဖို့ရာ ဝိဇ္ဇာခေါ်တဲ့ ကမ္မဿကတဉာဏ်- အသိဓာတ်၊ အလိမ္မာဓာတ်၊ ဉာဏ်ပညာဓာတ်ဟာ ရှေ့သွားခေါင်းဆောင်ပဲ။

ကုသိုလ်တရားဖြစ်ရေးနဲ့ ပတ်သက်ပြီးတော့ "အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာအမောဟ"လို့ခေါ်တဲ့ ဒီနေရာမှာ ကမ္မဿကတဉာဏ် အလင်းဓာတ် ဝိဇ္ဇာဉာဏ်ဟာ ကုသိုလ်ရရေးနဲ့ ပတ်သက်လို့ ရှေ့သွားခေါင်းဆောင်။

ကောင်းတဲ့တရားတွေနဲ့ အတူတကွဖြစ်ပြီးတော့လဲ ကျေးဇူးပြုတယ်။ အားကြီးသောမှီရာ ဖြစ်ပြီးတော့လဲ ကျေးဇူးပြုတယ်။ တွန်းအားပေးတယ်။

ကမ္မဿကတဉာဏ် အလင်းဓာတ်ခေါ်တဲ့ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာပြီဆိုလို့ရှိရင် မကောင်းမှုပြုရမှာ ရှက်လာတယ်။ မကောင်းမှုပြုရမှာ ကြောက်လာတယ်။ ဒီလို ကောင်းတဲ့တရားတွေဟာ တွဲပြီးတော့ ပါလာတယ်။

ဟိရီ၊ ဩတ္တပ္ပ ခေါ်တဲ့ လောကပါလတရားတွေဟာ တွဲပါလာတယ်။ ဒီတရား (၂)ပါးရှိရင် ကမ္ဘာကြီးငြိမ်းချမ်းပြီ။

အဲဒီလို အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာအလင်းဓာတ် ကမ္မဿကတဉာဏ် အလင်းဓာတ်ရရှိထားပြီဆိုရင် သမ္မာဒိဋ္ဌိ- မှန်ကန်တဲ့ အမြင်အယူ ဝဋ်မှထွက်မြောက်နိုင်တဲ့ အမြင်အယူဖြစ်ပေါ် တိုးပွားလာတယ်။ ဝဋ်မှထွက်မြောက်နိုင်တဲ့ အမြင်အယူအဆ သမ္မာဒိဋ္ဌိ ဖြစ်ပေါ်လာပြီဆိုရင် ဖြောင့်မှန်တဲ့ ကောင်းမွန်တဲ့ အကြံအစည်ဟာလဲပဲ တိုးပွားလာတယ်။

ကောင်းမွန်တဲ့အကြံအစည် တိုးပွားလာပြီဆိုရင် ကောင်းမွန်တဲ့ စကားတွေ တိုးပွားလာတယ်။ ကောင်းမွန်တဲ့ အပြုအမူတွေ တိုးပွားလာတယ်။ အဲလို အပြောအဆို အပြုအမူကောင်းတွေကို အခြေခံပြီးတော့ အသက်မွေးဝမ်းကျောင်းလဲ စင်ကြယ်လာပါတယ်။

အားထုတ်မှုဟာလဲ ကောင်းမွန်တဲ့ လုံ့လဝီရိယ ဖြစ်လာတယ်။ သတိကလဲ ကောင်းမွန်တဲ့သတိ၊ တည်ကြည်မှုကလဲ မှန်ကန်တဲ့သမာဓိ။

ယောဂီသူတော်စင်များ သမ္မာသတိ ထွက်လေ ဝင်လေကို ရှုမှတ်၊ ထွက်လေ ဝင်လေကို အာရုံထားနေတဲ့ သတိကလေး။

စိတ်ကလေး လွင့်ပါးမသွားရအောင် သတိနဲ့ထိန်းချုပ်ပြီးတော့ထားတယ်။ သမ္မာသတိ။

အဲဒီလို သမ္မာသတိ ကောင်းမွန်မှန်ကန် ဖြောင့်မှန်တဲ့သတိက နေပြီး ဝဋ်မှထွက်မြောက်နိုင်တဲ့ နိယျာနိက သတိရှိနေပြီ။

နိယျာနိက သတိရှိနေပြီဆိုရင် သမ္မာသမာဓိ- မှန်ကန်တဲ့ တည်ကြည်မှု နိယျာနိကသမာဓိခေါ်တဲ့ ဝဋ်ကထွက်မြောက်နိုင်တဲ့ သမာဓိမျိုး တိုးပွားလာတယ်။ ဒါက ဝိဇ္ဇာက အမှန်လမ်းစဉ် တီထွင်ပေးပုံပါပဲ။

**ကလျာဏမိတ်**

အဲဒီ မှန်ကန်တဲ့လမ်းစဉ် မဂ္ဂင်တရားတွေနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား သာကီဝင်မင်းတို့ရဲ့ သက္ကရဆိုတဲ့ ရွာနိဂုံးမှာ သီတင်းသုံးနေစဉ် အရှင်အာနန္ဒာ မြတ်စွာဘုရားထံမှာ ရိုရိုသေသေ ရှိခိုးလျှောက်ထားတယ်။

ဘယ်နှယ့်လျှောက်ထားသလဲဆိုတော့ "မြတ်စွာဘုရား ကလျာဏမိတ်ရှိခြင်း၊ ကောင်းမွန်တဲ့အပေါင်းအဖော်ရှိခြင်း၊ ကောင်းမွန်တဲ့အပေါင်းအဖော်များအပေါ် စိတ်ညွတ်ကိုင်းပြီးတော့နေခြင်းဟာ မွန်မြတ်တဲ့အကျင့်ကို တစ်ဝက်ပြီးစေနိုင်ပါတယ်ဘုရား။ ဥပမုံ ဗြဟ္မစရိယဿ- မိတ်ကောင်းရှိတာနဲ့ မြတ်တဲ့အကျင့်ကို ထက်ဝက်ပြီးစေပါတယ်ဘုရား"လို့ မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါ၊ မြတ်စွာဘုရားက-

"မာဟေဝံ အာနန္ဒ အဝစ"

အာနန္ဒ အဲဒီလိုမပြောနဲ့။ အဲဒီလို မပြောစမ်းပါနဲ့။

မိတ်ကောင်းရှိတဲ့ပုဂ္ဂိုလ်၊ ကောင်းမွန်တဲ့ မိတ်ကောင်းရှိတဲ့ပုဂ္ဂိုလ်၊ အဆွေခင်ပွန်းကောင်းရှိတဲ့ပုဂ္ဂိုလ်၊ ကောင်းမွန်တဲ့အဆွေခင်ပွန်းများအပေါ်မှာ

ညွတ်ကိုင်းပြီးတော့နေတဲ့ ပုဂ္ဂိုလ်ဟာ မြတ်တဲ့အကျင့် အကုန်လုံးပြီးစေနိုင်တယ်။ တစ်ဝက်မကပါဘူးတဲ့။

ဘာကြောင့်လဲလို့ဆိုတော့ အဲလို ကလျာဏမိတ် ကောင်းသောမိတ်၊ ကောင်းသောအပေါင်းအသင်း၊ ကောင်းသောအပေါင်းအသင်းမှာ ညွတ်ကိုင်းတဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ-

"အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေဿတိ ဗဟုလီကရိဿတိ"။

အရိယံ= မြတ်သော၊ ဝါ= ဖြူစင်သော၊ အဋ္ဌင်္ဂိကံ= အင်္ဂါ (၈)ပါးရှိသော၊ မဂ္ဂံ= မဂ်ကို၊ ဝါ= နိဗ္ဗာန်လမ်းသွား မြတ်တရားကို၊ ဘာဝေဿတိ= ပွားနိုင်လိမ့်မည်။ ဗဟုလီကရိဿတိ= အကြိမ်များစွာ ပြုနိုင်လိမ့်မည်။

မိတ်ကောင်းဆွေကောင်း ရှိပြီဆိုရင် မဂ္ဂင် (၈)ပါး ပွားများနိုင်တယ်။ မဂ္ဂင် (၈)ပါးကို အကြိမ်များစွာပြုနိုင်တယ်။

အဲဒီလို မဂ္ဂင် (၈)ပါး အကြိမ်များစွာ ပွားများပြုနိုင်လောက်တဲ့ ကလျာဏမိတ်။

ကြည့်စမ်း! အာနန္ဒ စဉ်းစားကြည့်စမ်း၊ ကလျာဏမိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ မွန်မြတ်တဲ့အကျင့် အလုံးစုံပြီးစေနိုင်တယ်လို့ ငါဘုရား မိန့်တဲ့စကား စဉ်းစားကြည့်စမ်း။

ငါဘုရားတည်းဟူသော ကလျာဏမိတ်ကို ရရှိကြတဲ့သူတွေဟာ မဂ္ဂင်ရှစ်ပါးပွားပြီးတော့ ပဋိသန္ဓေနေခြင်း သဘောတရားရှိတဲ့ ပုဂ္ဂိုလ်တွေ ပဋိသန္ဓေနေခြင်းမှ လွတ်နိုင်ကြတယ်။

အိုခြင်းသဘောရှိတဲ့ ပုဂ္ဂိုလ်တွေ အိုခြင်းမှလွတ်နိုင်တယ်။ နာခြင်းသဘောရှိတဲ့ ပုဂ္ဂိုလ်တွေ နာခြင်းမှလွတ်နိုင်တယ်။ သေခြင်းသဘောရှိတဲ့ ပုဂ္ဂိုလ်တွေ သေဘေးမှ လွတ်နိုင်တယ်။

စိုးရိမ်ပူဆွေး စိတ်မအေးတာတို့၊ ငိုကြွေးတာတို့၊ စိတ်မသက်သာ နှလုံးနာတာတို့၊ ကိုယ်ဆင်းရဲမှုတို့၊ ပင်ပန်းမှုတို့ အဲဒီလို သဘောရှိတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ငါဘုရားတည်းဟူသော ကလျာဏမိတ်ကို အကြောင်းပြုပြီးတော့ စိုးရိမ်ပူဆွေးမှု စတာတွေ ကင်းဝေးနိုင်တယ်။

ဘုန်းကြီးတို့ မြတ်စွာဘုရားတည်းဟူသော ကလျာဏမိတ်ကြီးကို ရထားကြတယ်။

အဲဒီကနေတစ်ဆင့် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး စသော ကလျာဏမိတ်ကြီးများကို ရထားကြတယ်။

အဲဒီလို ရရှိခဲ့ကြတဲ့အတွက် မြတ်တဲ့အင်္ဂါ (၈)ပါးရှိတဲ့ မဂ္ဂင်တရားများ ကိုယ်စီကိုယ်ငှ ပွားနိုင်ကြတယ်။ အကြိမ်များစွာလဲ အားထုတ်ခွင့်ရကြတယ်။

ဒါကြောင့် မြတ်စွာဘုရားဟာ ကလျာဏမိတ်ရှိခြင်းဟာ မြတ်တဲ့အကျင့် အကုန်လုံးပြီးစေနိုင်တယ်တဲ့။

## ဘုရားရှင် သာဓုခေါ်တော်မူ

အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးအကြောင်း ဆက်ကြဦးစို့။ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတိုက်ကြီးမှာ မြတ်စွာဘုရား သီတင်းသုံးနေတဲ့အခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက သာဝကပါရမီ အထွဋ်အထိပ်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးကိုး။

အရှင်အာနန္ဒာကိုယ်တော်မြတ်ကတော့ သာဝကပါရမီ အထွဋ်အထိပ် ရောက်တဲ့ အဂ္ဂသာဝက မဟုတ်ဘူး။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကတော့ သာဝကပါရမီ အထွဋ်အထိပ်ရောက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ မြတ်စွာဘုရား ကလျာဏမိတ်ရှိခြင်း၊ ကောင်းတဲ့အပေါင်းအဖော်ရှိခြင်း၊ အပေါင်းအဖော်တို့မှာ စိတ်ညွတ်ကိုင်းပြီး တော့ နေတာဟာ မြတ်တဲ့အကျင့် အလုံးစုံပြီးစီးနိုင်ပါတယ် ဘုရားလို့ပဲ လျှောက်တယ်။

အရှင်အာနန္ဒာက တစ်ဝက်ပြီးတယ်လို့ လျှောက်တယ်။ အရှင်သာရိပုတ္တရာကတော့ အကုန်လုံးပြီးတယ်။ မြတ်တဲ့အကျင့် အကုန်လုံး ပြီးစေနိုင်တယ်လို့ လျှောက်ထားတယ်။

အဲဒီတော့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာ စကားကို သာဓုခေါ်တော်မူတယ်။

ချစ်သား သာရိပုတ္တရာ အမြင်တယ်ပြီးကောင်းတာပဲ၊ တယ်ပြီး မှန်တာပဲဆိုပြီး၊ ကလျာဏမိတ်ကို အကြောင်းပြုပြီးတော့ မဂ္ဂင် (၈)ပါး ဖြစ်ပွားပုံ ဟောပါတယ်။ မဂ္ဂင် (၈)ပါး ဖြစ်ပွားအောင် လမ်းညွှန်တော်မူခဲ့တဲ့ ဘုရားတည်းဟူသော မိတ်ကိုရရှိသဖြင့် အိုနာသေဘေးက လွတ်မြောက်ကြတယ်၊ လွတ်မြောက်နိုင်ကြတယ်။

စိုးရိမ်ပူဆွေး စိတ်မအေးမှု၊ ငိုကြွေးမှု၊ စိတ်မအေးမှု၊ စိတ်မသက်သာ နှလုံးနာမှု၊ ပင်ပန်းမှုတို့မှလဲ လွတ်ကင်းကြတယ်။

လွတ်ကင်းကြတဲ့အတွက်မို့ အရှင်သာရိပုတ္တရာ လျှောက်ထားတဲ့ ကလျာဏမိတ်ရှိခြင်းဟာ မြတ်သောအကျင့် အလုံးစုံပြီးစီးနိုင်တယ်ဆိုတဲ့ စကားဟာ မှန်တယ်လို့ပဲ အားပေးထောက်ခံတော်မူတယ်။

## ရထားဖြူ

အရှင်အာနန္ဒာရဲ့ အတွေ့အကြုံလေး ဆက်ပြောကြပါစို့။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်မှာပဲ သီတင်းသုံးပြီးတော့နေတယ်။

အဲဒီအချိန် အရှင်အာနန္ဒာ ကိုယ်တော်မြတ်က သာဝတ္ထိမြို့ထဲ ဆွမ်းခံကြွတယ်။

အဲဒီအချိန်မှာပဲ ဇာဏုသောဏိ ပုဏ္ဏားက တော်တော်လဲ ချမ်းသာပုံရတယ်။ သူက တစ်လ တစ်ကြိမ်၊ နှစ်ကြိမ် မြို့ထဲပြထဲကို မြင်းဖြူကြီးတွေ ကထားတဲ့ ရထားဖြူကြီးနဲ့ လှည့်တယ်။ သူ့ရထားက အလှစီးရထားကိုး။ မြင်းကလဲ အဖြူ၊ ရထားကလဲ အဖြူ၊ နောက်ဆုံး နှင်တံပြာလေးက စပြီးတော့ အဖြူ၊ သူဝတ်ဆင်ထားတွေကလဲ အားလုံး အဖြူတွေချည်း ဝတ်ဆင်ထားတယ်။

လူတွေကလဲ ပြောကြတယ်။ "ဇာဏုသောဏိ" ရထားစီးပြီးတော့ သူ့ရဲ့ ဘုန်းကံ၊ သူ့ရဲ့စည်းစိမ်ကို ပြသတဲ့အနေအားဖြင့် မြို့ထဲကို ရထားအဖြူကြီးနဲ့ လှည့်လည်တယ်။ အခြားအရောင်မပါဘူး။ အကုန်လုံး အဖြူတွေချည်းပဲ။

ဇာဏုသောဏိပုဏ္ဏားရဲ့ ဘုန်းကံကျက်သရေကို ကြည့်ကြစို့လို့ ဆိုပြီး စောင့်မျှော်ပြီးကြည့်ကြတယ်။ ကြည့်ပြီးတော့ -

"ဖြဟ္မံ ဝတဘော ယာနံ" ဇာဏုသောဏိပုဏ္ဏားရဲ့ ယာဉ်ဟာ အင်မတန်ကောင်းမွန်တဲ့ ယာဉ်ပဲ။

"ဖြဟ္မံ ဝတ ဘောယာနံ" အချင်းတို့ ဇာဏုသောဏိရဲ့ယာဉ်ဟာ မြတ်တဲ့ယာဉ်၊ အဲလိုပြောနေတဲ့ အသံနဲ့ ရထားဖြူကြီး အရှင်အာနန္ဒာမထေရ် မြင်ခဲ့ရ၊ ကြားခဲ့ရတယ်။

**သုံးမည်ရယာဉ်**

အရှင်အာနန္ဒမထေရ်ဟာ မြတ်စွာဘုရားဆီ ရောက်တဲ့အခါ ယနေ့ မနက် သာဝတ္ထိမြို့ထဲ ဆွမ်းခံကြွပါတယ်ဘုရား။

ဇာဏုသောဏိပုဏ္ဏားရဲ့ ရထားဖြူကြီးကို အလှစီးရထားဖြူကို လူတွေ ကြည့်ပြီးတော့ "ဖြဟ္မံ ဝတဘော ယာနံ" အချင်းတို့ "မြတ်သောယာဉ်ကြီး၊ မြတ်သောယာဉ်ကြီး" လို့ အဲဒီလို ပြောနေကြပါတယ်ဘုရား။

"သက္ကာနုခေါဘန္တေ ဣမသ္မိံ ဓမ္မဝိနယေ ဧဝရူပံ ဖြဟ္မယာနံ ပညပေတုံ"

ဘန္တေ= မြတ်စွာဘုရား၊ ဣမသ္မိံ ဓမ္မဝိနယေ= ဤသာသနာတော်မြတ်၌၊ ဧဝရူပံ= ဤသို့သဘောရှိသော၊ ဖြဟ္မယာနံ= မြတ်သောယာဉ်ကို၊ ပညပေတုံ= အပြားအားဖြင့် သိစေခြင်းငှာ၊ သက္ကာနုခေါ= စွမ်းနိုင်ပါသလားဘုရား။

"မြတ်စွာဘုရား တပည့်တော် တွေ့ခဲ့တဲ့ ဇာဏုသောဏိပုဏ္ဏားရဲ့ ဆွတ်ဆွတ်ဖြူ မြတ်တဲ့ယာဉ်ကြီးလို ဤသာသနာတော်မှာလဲ ယာဉ်တစ်ခု အဲလို သဘောရှိတဲ့ ယာဉ်မျိုးကို ပညတ်ထားတော်မူနိုင်ပါသလားဘုရား၊ အသိပေး တော်မူနိုင်ပါသလား ဘုရား"လို့ လျှောက်တော့၊

"သက္ကာ အာနန္ဒ"= အာနန္ဒာ စွမ်းနိုင်တယ်။

ဘယ်လိုစွမ်းနိုင်သလဲလို့ဆိုတော့ မြတ်ပြီးတော့ အချက်အလက်အင်္ဂါ (၈)ပါးနဲ့ ပြည့်စုံတဲ့ အရိယာမဂ်ရဲ့ အမည်သုံးမျိုးရှိတယ်။ ဘာတွေလဲဆိုတော့-

"ဖြဟ္မယာနန္တိပိ"= မြတ်သောယာဉ်တဲ့။ အရိယာမဂ္ဂင် မြတ်သော ကျင့်စဉ်လမ်းစဉ် (၈)ပါးကို မြတ်သောယာဉ်။

အဲဒီ မဂ္ဂင် (၈)ပါးနဲ့ နိဗ္ဗာန်ကိုသွားနိုင်တာကိုး။ မြတ်သောယာဉ်။

တရားနဲ့ပြီးတဲ့အတွက်ကြောင့် မဂ္ဂင် (၈)ပါးကို "**ဓမ္မယာန**"။

ကိလေသာစစ်ပွဲ အောင်မြင်အောင် ဆင်နွှဲနိုင်တဲ့အတွက်ကြောင့်မို့ မဂ္ဂင် (၈)ပါးကို "**အနုတ္တရော သင်္ဂါမဝိဇယော**" မြတ်တဲ့အောင်ပွဲရ ယာဉ်ရထားကြီးလို့ ဒီလိုခေါ်ဆိုနိုင်တယ်။

အဲဒီတော့ အရိယာမဂ္ဂင် (၈)ပါးဟာ ယာဉ်နာမည်နဲ့ပေးတဲ့ အခါကျတော့ (၃)မည်ရတယ်။

- ဗြဟ္မာယာန၊
- ဓမ္မယာန၊
- အနုတ္တရ သင်္ဂါမဝိဇယ လို့ အမည်သုံးမျိုးရတယ်။ အမည် (၃)မျိုး ရတဲ့ မဂ္ဂင်(၈)ပါး။

မဂ္ဂင် (၈)ပါးထဲက သမ္မာဒိဋ္ဌိ။

"**သမ္မာဒိဋ္ဌိ ဘာဝိတာ ဗဟုလီကတာ ရာဂဝိနယ ပရိယောသာနာ**"

ဟော နံပါတ် (၁) ယာဉ်ရထားကြီး စီးပြီးတော့ သွားလို့ရှိရင် မှန်ကန် သောအမြင်အယူ ဝင်မှ ထွက်မြောက်တတ်တဲ့ အမြင်အယူ။

ဒီယာဉ်ကိုစီးပြီးသွားမယ်ဆိုရင် အဖန်ဖန် အထပ်ထပ် စီးပြီးသွားမယ် ဆိုရင် "**ရာဂဝိနယ ပရိယောသာနာ**"= ရာဂကို ပယ်ဖျောက်နိုင်တယ်။

"**ဒေါသဝိနယ ပရိယောသာနာ**"= ဒေါသကို ပယ်ဖျောက်နိုင်တယ်။ "**မောဟဝိနယ ပရိယောသာနာ**"= မောဟကို ပယ်ဖျောက်နိုင်တယ်။

အလားတူပဲ။ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ မြတ်တဲ့ယာဉ်၊ တရားယာဉ်။ တစ်နည်းအားဖြင့် အောင်ပွဲရယာဉ်ရထားကြီးကို စီးပြီးတော့သွားမယ်ဆိုရင် ရာဂ၊ ဒေါသ၊ မောဟဆိုတဲ့ တရားဆိုး၊ တရားပျက်တွေကို အောင်မြင်နိုင်တယ်။

ဒါကြောင့်မို့ ဒီမဂ္ဂင် (၈)ပါး အင်္ဂါရှစ်ဖြာနဲ့ ပြည့်စုံသော အရိယာမဂ္ဂင် (၈)ပါးကို၊

- ပြဟ္မယာန = မြတ်တဲ့ယာဉ်
- ဓမ္မယာန = တရားယာဉ်
- အနုတ္တရသင်္ဂါမဝိဇယ = အောင်အပ်ပြီးသော စစ်မြေပြင်ရှိတဲ့ ယာဉ်ရထားကြီးလို့ ဒီလိုခေါ်နိုင်ပါတယ်။

အဲဒီ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးမှာ ဘာတွေ တပ်ဆင်ထားသလဲလို့ဆိုတော့-

ယဿ သဒ္ဓါစ ပညာစ၊ ဓမ္မယုတ္တာ သဒါဓုရံ။
ဟိရိဤသာ မနောယောတ္တံ၊ သတိ အာရက္ခသာရထိ။

အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားမှာ ရတနာသုံးတန် ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့သဒ္ဓါ၊ ခွဲခြားဝေဖန်ပြီးတော့ သိမြင်နိုင်တဲ့ ပညာ။

အဲဒီတရားနှစ်ပါးကို တစ်ခါထဲ ဥပေက္ခာဟူသော ထမ်းပိုး၌ တပ်ဆင်လို့ထားပါတယ်။

ဟိရိသောမနောယောတ္တံ= မကောင်းမှုကိုပြုရမှာ ရှက်တဲ့ ဟိရီဟာ ရထားသံပါ။ ဝိပဿနာစိတ် မဂ်စိတ်ဟာ ရထားမောင်းနှင်တဲ့အခါမှာ အသုံးချတဲ့ဇက်ကြိုးပါပဲ။

ဟော မိမိတို့ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးတော့ မလစ်လပ်အောင် သတိပြုပြီးတော့နေတဲ့ သတိဟာ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးရဲ့ ရထားထိန်းပါပဲ။

ရထောသီလ ပရိက္ခာရော၊ ဈာနက္ခော စက္ကဝီရိယော။
ဥပေက္ခာ ဓုရသမာဓိ၊ အနိစ္ဆာ ပရိဝါရဏံ။

(မဟာဝဂ္ဂသံယုတ် ဇာဏုသောဏိသုတ်-၅)

အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးမှာ သီလဆိုတဲ့ တန်ဆာတွေဆင်ထားပါတယ်။

တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ သမာဓိကြောင့် ရရှိတဲ့ဈာန်၊ အဲဒီ ဈာန်တည်းဟူသော ဝင်ရိုးလဲရှိတယ်။

ရထားဘီးနဲ့တူတဲ့ စက်ဘီးလို့ခေါ်တဲ့ ဝီရိယလဲရှိတယ်။ ဥပေက္ခာက နေပြီး ဒီရထားကြီးကို မယိမ်းယိုင်အောင် တည့်တည့်မတ်မတ် သွားရလေ အောင် ဥပေက္ခာကလဲ ရထားအုပ်ဆုံပမာ ဦးဆောင်ပြီးတော့ ချုပ်ကိုင်ပြီး သွားတယ်။

အန္တိစ္ဆာ ပရိဝါရဏံ- လိုချင်တပ်မက်မှုကင်းတဲ့ အလောဘနဲ့ ကာရံပြီး တော့ထားတယ်။

"အဗျာပါဒေါ အဝိဟိံသာ၊ ဝိဝေကာ ယဿအာဝုဓံ"

အဲဒီ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးမှာ လက်နက် ကြီး (၅)ခု တပ်ဆင်ထားတယ်။

ကိလေသာရန်သူတွေ ပစ်ဖောက်ဖို့ရာအတွက် အဗျာပါဒ။ အဗျာပါဒ ဆိုတာ ဘာလဲ။ အဗျာပါဒဆိုတာ ဗျာပါဒက သူတစ်ပါးကို သေစေချင်တဲ့ တရားကိုး။ အဗျာပါဒဆိုတာ သူတစ်ပါးကို မသေစေချင်ဘူး။ အသက်ရှည် စေချင်တယ်။ အဲဒီတော့ အဗျာပါဒဆိုတာ မေတ္တာ။

အဲဒီမေတ္တာနဲ့ ဘာကိုပစ်ဖောက်နိုင်သလဲဆိုတော့ ဒေါသကို ပစ်ဖောက် နိုင်တယ်။ ဒေါသဆိုတဲ့ ကိလေသာရန်သူကို ပစ်ဖောက်နိုင်တယ်။

အဝိဟိံသဆိုတာ ဘာလဲဆိုတော့ ကရုဏာပါပဲ။ အဲဒီ ကရုဏာနဲ့ ညှဉ်းပန်းနှိပ်စက်ခြင်းဆိုတဲ့ ရန်သူကိလေသာကို ပစ်ဖောက်နိုင်ပါတယ်။ ဝိဝေက သုံးမျိုး။

စိတ္တဝိဝေက- စိတ်ကလေးငြိမ်ပြီးတော့ တရားအာရုံမှာ ထုံမွှမ်းပြီး နေတော့ စိတ္တဝိဝေကလဲ ရတယ်။

စိတ္တဝိဝေကဆိုတဲ့ လက်နက်နဲ့ "ကိလေသ သင်္ဂဏိက" ကိလေသာ တရားတွေနဲ့ ရောထွေးယှက်တင်ပြီး နေခြင်းဆိုတဲ့ ကိလေသာရန်သူကို ပစ်ဖောက်နိုင်တယ်။

ဥပဓိဝိဝေကတဲ့။ ကိလေသာတို့မှ ကင်းရှင်းတဲ့ ဥပဓိဝိဝေကနဲ့ အလုံး စုံသော အကုသိုလ်ရန်သူတွေကို ပစ်ဖောက်နိုင်ပါတယ်၊ နှိမ်နင်းနိုင်ပါတယ်။ အဲဒီလို အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးမှာ လက်နက်ကြီးက

(၇)မျိုး တပ်ဆင်ပြီးထားတယ်။

**တိတိက္ခာ မမ္မသန္နာဟော၊ ယောဂက္ခေမာယဝတ္တတိ။**

အရာရာကို သည်းခံနိုင်တဲ့ ခန္တီဆိုတဲ့ ချပ်ဝတ်ကလဲ ဝတ်ဆင်လို့ထားတယ်။

**ခမော ဟောတိသီတဿ၊ ဥဏှဿ ဇိဂစ္ဆာယပိပါသာယ။**

အအေးလဲ ခံနိုင်ရည်ရှိတယ်။ အပူလဲ ခံနိုင်ရည်ရှိပါတယ်။ ဆာလောင်မွတ်သိပ်မှုကိုလဲ ခံနိုင်ရည်ရှိတယ်။

"ဒုရုတ္တာနံ ဒုရာဝစနာနံ"-ဆိုတဲ့ အဓိဝါသနခန္တီ တည်းဟူသော ချပ်ဝတ်လဲပဲ ဒီရထားကြီးမှာရှိတယ်။

အဲသလိုဆိုရင် စောစောကပြောတဲ့ အချက်အလက်တွေ ပြည့်စုံတဲ့ ရထားကြီးဟာ "ယောဂက္ခေ မာယဝတ္တတိ"- ယောဂလေးပါးကုန်ရာ နိဗ္ဗာန်ကို ရောက်ရှိနိုင်ပါတယ်။

**တေဒတ္တနိ သမ္ဘူတံ၊ ဗြဟ္မယာနံ အနုတ္တရံ။**
**နိယျန္တိ ဓီရာလောကမှာ၊ အညဒတ္ထု ဇယံဇယံ။**

(မဟာဝဂ္ဂသံ-၆)

ဆက်ပြီးတော့ ဟောတဲ့ဂါထာက အဲဒီလို အချက်အလက်တွေနဲ့ ပြည့်စုံနေတဲ့ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထားတဲ့ ယာဉ်ရထားကြီး။

အဲဒီ မြတ်ရထားကြီး တက်စီးကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ စွမ်းအားကို ကြည့်။

ယေသံဓီရာနံ= အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကို လေးစားခုံမင် အကြင်ပညာရှင်တို့အား၊ အနုတ္တရံ= ထွဋ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်၍ တုရန်ယှဉ်ထား ယာဉ်တစ်ပါးဟု အစားရှာမရ အထွဋ်ဆုံး အမြတ်ဆုံးဖြစ်ပေသော၊

နိဗ္ဗာန်နဲ့ပတ်သက်ပြီးတော့ ဒီယာဉ်ရထားလောက် ကောင်းတာမရှိဘူး။

အတ္တနိသမ္ဘူတံ= ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် လုံးဝစုံလင် မိမိသန္တာန်တွင် ဖြစ်ပေါ်၍နေသော၊ တေ- ဗြဟ္မယာနံ= အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား ဤမြတ်ရထားသည်၊ အတ္တိ= ကိုယ်ပိုင်ဉာဏ်အား စွမ်းပကားဖြင့်

ထင်ရှားပုံသေ ရှိပါပေ၏။

ဟော= အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီး အသီးအသီး ရှိကြတယ်။

တေမီရာ= အရိယာမဂ္ဂင် စက်ဆင်ယှဉ်ထား မြတ်ရထားကို လေးစား ခုံမင် ထိုပညာရှင်တို့သည်၊ အညဒတ္ထု= စင်စစ်ဧကန် အမှန်ပင်လျှင်၊ ဇယံ ဇယံ= ကိလေသာစုံ ရန်သူပန်ကို အကုန်တိုက်ဖျက် အောင်လျှက် အောင်လျှက် သာလျှင်။

ဒီရထားကြီးပေါ်မှာ တပ်ဆင်ထားတဲ့ လက်နက်ကြီးတွေနဲ့ ကိလေသာ ရန်သူတွေကို ပစ်ဖောက်အနိုင်ယူ အောင်ပွဲခံပြီးတော့။

လောကမှာ အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ။

လောကဆိုတာ ဘေးတွေအမြဲကြုံလို့ အမြဲဆုံလို့ စိုးရိမ်ပူဆွေး စိတ်မအေးတာတွေလဲပဲ ပြည့်နှက်လို့ သတင်းစာတွေထဲမှာ ဝမ်းနည်းကြေကွဲ ခြင်း ဆိုပြီးတော့ ခေါင်းစည်းတွေနဲ့ နေ့စဉ်မြောက်များစွာ တွေ့ရတယ်။ ကာယကံရှင် မဟုတ်ဘူး။ ကာယကံရှင်နဲ့ ဆက်နွယ်တဲ့ မိတ်ဆွေ သူငယ်ချင်း များကနေပြီးတော့ ဘယ်သူဘယ်ဝါရဲ့ အမိကွယ်လွန်တဲ့အတွက် ဝမ်းနည်း ကြေကွဲပါတယ်။ ကိုယ့်အပေါင်းအသင်းတွေရဲ့ မိဘဆွေမျိုးများ ကွယ်လွန် ကြတဲ့အခါမှာ ဝမ်းနည်းကြေကွဲကြောင်း သတင်းစာထဲ ထည့်ကြတယ်။

တကယ်တမ်း ကာယကံရှင် အမိကွယ်လွန်တဲ့ ပုဂ္ဂိုလ်၊ အဖ ကွယ်လွန် တဲ့ပုဂ္ဂိုလ်၊ အဘိုးအဘွား ကွယ်လွန်တဲ့ ကာယကံရှင်တွေမှာကတော့ ဝမ်းနည်း ကြေကွဲတယ်ဆိုတာက ပြောမပြနိုင်လောက်အောင် ဝမ်းနည်းကြေကွဲမှုတွေ ဖြစ်ပါတယ်။ ဒါကြောင့် လောကမှာ အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ အဲဒီလို ကြုံတွေ့နေကြတဲ့ ကမ္ဘာ့လူထုကြီး ဟော- အခုခေတ် မကြာမကြာ ပြောနေကြတဲ့ (၂၁)ရာစု စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နိုင်ဖို့ ကမ္ဘာကြီးတစ်ခုလုံး ပြင်ဆင်နေကြတယ်။

စိန်ခေါ်မှုဆိုတာ အိုဘေးကြီးကပဲ စိန်ခေါ်မယ်။ နာဘေး၊ သေဘေး ကလဲ စိန်ခေါ်တယ်။

အဲဒီ အိုဘေး၊ နာဘေး၊ သေဘေး အထူးသဖြင့် သေဘေးရဲ့ စိန်ခေါ်မှုကို အံတုနိုင်ဖို့ရာ မဂ္ဂင်နည်းလမ်းမရှိတော့ ဘယ်တိုင်းပြည်၊ ဘယ်လူမျိုးမှ မပြင်ဆင်နိုင်ကြပါဘူး။

နာဘေး ထိုက်တန်သလောက် အံတုဖို့ ဆေးဝါးဓာတ်စာတွေ လုပ်နိုင်ကြ၊ အိုဘေး ထိုက်တန်သလောက် အကာအကွယ် ရရှိနိုင်ဖို့ ကြိုးစားကြတယ်။

သေဘေးတဲ့ သို့ထက်ကြီးတဲ့ ပြဿနာမရှိပါဘူး။ ဘဝမှာ သေတာလောက် ကြီးတဲ့ပြဿနာ ဘာမှမရှိပါဘူး။

အကြီးဆုံး၊ အဆိုးဆုံး သေဘေးနဲ့ ရင်ဆိုင်တွေ့ကြုံရမယ်။ သေဘေးရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ဖို့ရာ စိတ်ကူးတောင် မရကြဘူး။

ဘာပြုလို့လဲဆိုတော့ ရင်ဆိုင်နိုင်တဲ့ အင်အားမရှိကြလို့။ (၂၁)ရာစုမှာ တွေ့ကြုံလတ့်ဖြစ်တဲ့ တွေ့ရမယ့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နိုင်ဖို့ ပြုပြင်နေကြတဲ့အခါမှာ ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓဘုရားက (၂၁)ရာစု မပေါ်မီ (၅)ရာစုက ရာစုနဲ့ ပြောမယ်ဆိုရင် ဒီ (၂၁)ရာစု၊ ရာစုနှစ်ပေါင်း နှစ်ဆယ့်တစ်မပေါ်မီ ငါးရာစုလောက်က ကြိုတင်ပြီး မြတ်စွာဘုရားက ကမ္ဘာ့လူထုကြီးအား စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ရန်နည်းလမ်းတွေ ပေးတော်မူခဲ့တယ်။ ကမ္ဘာ့လူထုကြီးက အခုမှ ရှာနေကြတယ်။ တကယ်တမ်းလဲ မတွေ့ကြပါဘူး။

မြတ်စွာဘုရားက တွေ့ခဲ့တယ်။ တွေ့ထားတယ်။ အဲဒီတော့ တွေ့ထားတဲ့ ယာဉ်ရထားကြီး ဗြဟ္မယာန= မြတ်တဲ့ယာဉ်၊ ဓမ္မယာန= တရားယာဉ်၊ ဒီယာဉ်တွေသာ စီးပြီးသွားဆိုရင်တော့ဖြင့် ဒီလောကကြီးထဲမှာ လုံးချာလိုက်မနေတော့ဘူး။ အမြဲဒုက္ခတွေ ဝိုင်းအုံနေတဲ့ လောကကြီးထဲက ထွက်မြောက်နိုင်တယ်။

အခု တည်ဆောက်နေကြသူများဟာ ယာဉ်ရထားတွေ အင်မတန်ကို တည်ဆောက်နိုင်ကြတာပဲ။ စွမ်းအားသိပ်ရှိကြတာပါပဲ။

လကမ္ဘာသွားနိုင်တယ်။ နေကမ္ဘာသွားနိုင်တယ်။ ဂြိုလ်တွေအသီးသီး အင်္ဂါဂြိုလ် အစရှိသည်ကို သွားနိုင်ကြတယ်။

သွားနိုင်ပေတယ်လို့ အိုနာသေ လွတ်တဲ့နည်းလမ်းနဲ့ သွားနိုင်ကြတာတော့ မဟုတ်ဘူး။ လကမ္ဘာ ပထမဆုံးရောက်ခဲ့တဲ့ ဂါဂါရင်သေလို့ သူ့အရိုးမောစကိုက လင်မလင်နန်းမြို့ရိုးမှာ မြှုပ်နှံဂုဏ်ပြုထားတာ တွေ့ခဲ့ရတယ်။ သူနောက်ထပ် မသေရတော့ဘူးလို့ ဝန်မခံနိုင်ဘူး။

မဂ္ဂင်မြတ်ရထားကြီးကို စီးပြီးသွားကြတောကတော့ မဟုတ်ဘူး။ အဲဒါကြောင့် နောင်လဲ အသေမလွတ်သေးဘူး။

အဲဒီတော့ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးက သုံးမည်ရ မြတ်ရထားကြီး။

- ဗြဟ္မယာန = မြတ်တဲ့ယာဉ်
- ဓမ္မယာန = တရားယာဉ်
- အနုတ္တရသင်္ဂါမဝိဇယ = အတုမရှိမြတ်တဲ့ အောင်ပွဲရယာဉ်

အဲဒီလို သုံးမည်ရတဲ့ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထားတဲ့ ယာဉ်ရထားကြီး။ မြတ်ရထားကြီးကို လေးစားခုံမင်ကြတဲ့ သူတွေဟာ လောကမှာ အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ၊ နိယျန္တိ= ဒုက္ခဘက်ဆီ ပြန်မလည်ပဲ ကြည်လင်အေးမြ သက်သာရာရလျှက် လွတ်မြောက်နိုင်ကြလေကုန်၏။

တုမှေပိ= သင်ယောဂီ သူတော်စင်အပေါင်းတို့သည်လည်း၊ အနုတ္တရေန= ထွဋ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်သည့် တုရန်ယှဉ်ထား ယာဉ်တစ်ပါးဟု အစားရှာမရ အထွဋ်ဆုံး အမြတ်ဆုံးဖြစ်ပေသော၊ အတ္တနိသမ္ဘူတေန= ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် လုံးဝစုံလင် မိမိသန္တာန်တွင် ဖြစ်ပေါ်၍နေသော၊ ဣမိနာဗြဟ္မယာနေန= ဤအရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားဖြင့်၊ ဇယံဇယံ= ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက် အောင်လျှက် အောင်လျှက်သာလျှင်။

လောကမှာ အမြဲကြုံရ ဘေးဒုက္ခနှင့် လောကမကင်း လောကတွင်းမှ၊ နိယျန္တ = ဒုက္ခဘက်ဆီ ပြန်မလည်ပဲ ကြည်လင်အေးမြ သက်သာရာရလျှက် ထွက်မြောက်နိုင်ကြ လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်

ကလေးဝတောရကျောင်းစာသင်တိုက်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

တွဲဖက်အကျိုးတော်ဆောင်

ကလေးဝတောရဆရာတော်

ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ

အဂ္ဂမဟာပဏ္ဍိတ

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

၁၃၆၈ ခု၊ ဝါဆိုလပြည့်ကျော် (၅)ရက်နေ့ (၁၄-၇-၂၀၀၆)

မြန်မာ့အသံမှ

အသံလွှင့်ဟောကြားတော်မူသော

# အနတ္တလက္ခဏအခါတော်နေ့တရားတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ
**လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ**
မြန်မာ့ရုပ်သံမှ
အသံလွှင့်ဟောကြားတော်မူသော
**အနတ္တလက္ခဏအခါတော်နေ့တရားတော်**

ယနေ့ ၂၅၉၅ ကြိမ်မြောက် "အနတ္တလက္ခဏာအခါတော်နေ့" ဖြစ်ပါတယ်။ အစွဲပြင်းထန်လှသော လောကသားတို့အနေနဲ့ အနတ္တမြင်ဖို့ ခက်လှပါတယ်။ အနတ္တလက္ခဏာဉာဏ်ရဖို့ဆိုတာလဲ မလွယ်ပါဘူး။ သဗ္ဗညု ဘုရားရှင်တို့ ပွင့်ထွန်းလာမှ အနတ္တဆိုတဲ့ ဖသံတော်ဟာ မည်ဟိန်းထွက်ပေါ် လာပါတယ်။ ဘုန်းကြီးတို့၊ သတ္တဝါတို့ နာကြားခွင့်ရကြ၊ ကျင့်ကြံအားထုတ်ခွင့် ရနိုင်ကြပါ တယ်။

အတ္တလောကသားတို့ အနတ္တမြင်ရန် ခက်ခဲလှသဖြင့် "အနတ္တ လက္ခဏသုတ္တံ" ဒေသနာတော်ကို အပိုင်းသုံးပိုင်းထားပြီး ဟောတော်မူခဲ့ ပါတယ်။ ဓမ္မစကြာဒေသနာတော် စွမ်းအားကြောင့် ဓမ္မစက္ခု တရားမျက်လုံး၊ ဉာဏ်မျက်လုံး ရရှိကြပြီးဖြစ်တဲ့ ပဥ္စဝဂ္ဂီ ဗောဓိဘိက္ခုရဟန်းတော်ငါးပါးတို့အား တရားအဆင့် ဉာဏ်အဆင့်မြှင့်တင်ရန် ဟောတော်မူခဲ့ပါတယ်။

## အနုသန္ဓေသုံးမျိုး

အို တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ **ရူပံဘိက္ခဝေ အနတ္တာ** စသော ပထမအပိုင်းက စကားနဲ့ ခန္ဓာငါးပါးတို့ရဲ့ ဒုက္ခဖြစ်ပုံ၊ နှိပ်စက်ညှဉ်းပန်းတတ်ပုံကို ပြတော်မူပြီး အနတ္တဉာဏ် ရရှိစေတော်မူခဲ့ပါတယ်။

**တံကိံမညထဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ** စသော ဒုတိယ ပိုင်းစကားကတော့ သုံးကျော့ပြန် လက္ခဏာယာဉ်တင်ရှုပွားနည်းကို ပြတော်မူ ပါတယ်။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ရဲ့ မမြဲတဲ့အမှတ်တံဆိပ်၊ ဆင်းရဲတဲ့အမှတ် တံဆိပ်၊ မပိုင်မစိုးတဲ့ အမှတ်တံဆိပ်ကြီးတွေ အသီးသီးရှိကြပုံကို ပြတော်မူပြီး အနတ္တဉာဏ် ရင့်သန်စေတော်မူခဲ့ပါတယ်။

**တသ္မာတိဟဘိက္ခဝေ ယံကိဉ္စိရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ** စတဲ့ တတိယအပိုင်းက စကားရပ်များနဲ့ ရုပ်နာမ်အပေါင်း ရှုနည်းကစ၊ ရဟန္တာ ဖြစ်သည်အထိ ပို့ဆောင်ရရှိပုံကို ညွှန်းပြထားပါတယ်။

## အစွဲအလမ်းကြီးပုံ

အို တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ လောကသားတို့ အမျိုးမျိုးစွဲလမ်းပုံကို ဆက်ဟောတော့ပါမယ်။

ပုထုဇဉ်လောကသားတိုင်းဟာ အစွဲအလမ်း လွန်ကဲကြပါတယ်။ ဖားကို မြွေက ဖမ်းယူသလိုပါပဲ။ ဆိုင်ရာအာရုံမှာ စွဲစွဲမြဲမြဲယူတာ၊ စွဲလမ်းတတ်တဲ့ သဘောတရားကို "ဥပါဒါန်"လို့ ခေါ်ပါတယ်။

အဲဒီ ဥပါဒါန်ရဲ့ ဖြစ်ကြောင်းကို ဘုရားရှင်က "တဏှာပစ္စယာ ဥပါဒါနံ" လို့ ဟောတော်မူခဲ့ပါတယ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်လို့ ဟောတာ ပါပဲ။

ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက "တဏှာခြောက်မည် အရင်းတည်၍ အရှည်များလျား အစဉ်ပွားက ခန္ဓာကာယ

အဖျွတ္တနှင့် ကာမအာရုံ အလုံးစုံ၌ အကုန်နှီးရင်း အစွဲပြင်း၏”လို့ စပ်ဆိုတော်မူခဲ့ပါတယ်။ တဏှာ (၆)မျိုး အရင်းခံပြီး ခန္ဓာကိုယ်နှင့် ကာမဝတ္ထု ကာမအာရုံမှာ အကုန်နှီးရင်း အစွဲပြင်းတဲ့ ဥပါဒါန်ဖြစ်တော့တာပါပဲ။

အဲဒီ ဥပါဒါန်က ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်လို့ (၄)မျိုး ရှိပါတယ်။ အဲဒီထဲက ကာမုပါဒါန်ဆိုတာ “ဖွတ်ကြီးလျှင် မိကျောင်း၊ တဏှာကြီးလျှင် သရဲ၊ မြွေကြီးလျှင် နဂါးဆိုသလို အစွဲအလမ်းအားကြီးတဲ့ တဏှာသည် ကာမုပါဒါန် မည်ပါတယ်။

“အသင်းပွားများ သားမယားက စသည်ဖြာဖြာ မဆုံးရာသား ကာမဝတ္ထု စွဲလမ်းပြုသည့် ကာမုပါဒါန်”ဆိုတဲ့စကားအရ အဲဒီကာမုပါဒါန်က အဆင်းမျိုးစုံ ရူပါရုံ အဆောက်အဦတွေမှာ စွဲလမ်းတဲ့ ရူပကာမုပါဒါန်၊ အသံမျိုးစုံ သဒ္ဒါရုံ အဆောက်အဦတွေမှာ စွဲလမ်းတဲ့ သဒ္ဒကာမုပါဒန် စသည့် (၆)မျိုးရှိလာပြန်ပါတယ်။

တစ်ဖန် ထို့ပြင် မိစ္ဆာဉာဉ်ဖြင့် အမြင်ယွင်းဖောက် အယူမှောက်သည် ခြောက်ဆယ့်နှစ်ပါး ပြားသည့်ဒိဋ္ဌိ ဆိုတဲ့စကားအရ နိယတမိစ္ဆာဒိဋ္ဌိကြီး (၃)ပါး၊ မိစ္ဆာဒိဋ္ဌိ (၆၂)ပါး အယူစွဲလမ်းမှုဟာ ဒိဋ္ဌုပါဒါန် မည်ပါတယ်။

“တစိထိုမှ ဂေါသီလကို ဝဋ်မှထုတ်တတ် စွဲထင်မှတ်သည့် သီလဗ္ဗတုပါဒါန်” ဆိုသည့်အတိုင်း နွားတို့၏အကျင့် အလေ့အထ၊ ခွေးတို့၏အကျင့် အလေ့အထဖြင့် သံသရာဝဋ်စက်မှ ထွက်မြောက်နိုင်တယ်လို့ စွဲလမ်းမှုဟာ သီလဗ္ဗတုပါဒါန်ပါပဲ။ အဲဒီစွဲလမ်းမှုဟာ ပေါ့ပေါ့ယူ၍ ပေါ့ပေါ့တန်တန် ကျင့်ကြံပါက သေတာနဲ့ နွား၊ ခွေး ဖြစ်နိုင်ပါတယ်။ တင်းတင်းရင်းရင်းယူ တင်းတင်းရင်းရင်း ကျင့်ကြံပါက သေတာနဲ့ ငရဲကျနိုင်ပါတယ်။

ခန္ဓာငါးပါး တရားအစု ဓာတ်အနုကို ကိုယ်ဟုစွဲကပ် အမြဲမှတ်သည့် အတ္တဝါဒုပါဒါန် ဆိုတဲ့ စကားအရ ခန္ဓာငါးပါး ဓာတ်တရားအစု ငါ - ငါ့ဥစ္စာလို့ စွဲလမ်းမှုဟာ အတ္တဝါဒုပါဒါန်ပါပဲ။ သ[illegible]ခေါ်ပါတယ်။

၂၃၃၈၇

**အတ္တဝါဒုပါဒါန် - သက္ကာယဒိဋ္ဌိ**

ဒိဋ္ဌိ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ အဲဒီ အစွဲအလမ်းကြီး (၄)မျိုးထဲက အတ္တဝါဒုပါဒါန် သက္ကာယဒိဋ္ဌိနဲ့ ပတ်သက်လို့ အနည်းငယ်ရှင်းပြချင်ပါတယ်။

အနတမဂ္ဂ သံသရာအဆက်ဆက်၊ ကမ္ဘာအဆက်ဆက်၊ စကြဝဠာအနန္တ၊ သတ္တဝါအနန္တ၊ မြေကြီး၊ မြင့်မိုရ်၊ သတ္တရဘန်၊ သမုဒ္ဒရာ၊ နေ၊ လ၊ နက္ခတ်၊ တာရာ၊ နတ်ပြည်ခြောက်ထပ်၊ အကနိဋ္ဌဘုံတိုင်အောင် အလုံးစုံကိုအကုန်သတ္တချကြည့်မယ်ဆိုရင် ရုပ်အဖို့အနေနဲ့ (၂၈)စုသာ ဓာတ်သားအမှန်ရပါတယ်။ ရုပ် (၂၈)တည် ရုပ်သက္ကာယဒိဋ္ဌိ (၄)နဲ့မြှောက်ရင် ရုပ်မှာ သက္ကာယဒိဋ္ဌိပေါင်း (၁၁၂)မျိုး၊ ဝေဒနာမှာ သက္ကာယဒိဋ္ဌိ (၇၂)မျိုး၊ သညာမှာ (၂၄)မျိုး၊ သင်္ခါရမှာ (၂၄)မျိုး၊ ဝိညာဉ်မှာ (၂၄)မျိုးနဲ့ ရေတွက်မယ်ဆိုရင် ကမ္ဘာသူ ကမ္ဘာသားလောကသူ လောကသား ပုထုဇဉ်သတ္တဝါတိုင်းမှာ သက္ကာယဒိဋ္ဌိ ပေါင်း (၂၅၆)မျိုးစီ ရှိကြပါတယ်။

လူနတ်ပြဟ္မာ ပုထုဇဉ်သတ္တဝါတိုင်းမှာ အမြဲပါရှိနေကြပါတယ်။ ဒီအတ္တဝါဒုပါဒါန် ခေါ် သက္ကာယဒိဋ္ဌိတို့ကို မပယ်မခွာရသေးသူမှန်သမျှ ကိုယ်ထဲရင်ထဲမှာ ငရဲမီးတောက် တစ်ရှိန်ရှိန်တောက်လျှက်ပင် ရှိကြပါတယ်။

ငရဲကြီး(၈)ထပ်၊ ဥဿဒငရဲငယ် (၁၂၈)ထပ်၊ အသုရကာယ်၊ ပြိတ္တာအမျိုးမျိုး၊ တိရစ္ဆာန်အစားစားရယ်၊ နိယတမိစ္ဆာဒိဋ္ဌိကြီး (၃)ပါး၊ မိစ္ဆာဒိဋ္ဌိကြီး (၆၂)ပါးတို့ပါ ဒီအတ္တဝါဒုပါဒါန်ခေါ် သက္ကာယဒိဋ္ဌိရဲ့ အစီးအပွားများပင်ဖြစ်ပါတယ်။ သက်သတ်ခိုးမှု စတဲ့ ဒုစရိုက်စု မကောင်းမှုအဆိုးဟူသမျှလဲ ဒီအတ္တဝါဒုပါဒါန်ခေါ် သက္ကာယဒိဋ္ဌိကြောင့်ပဲ ဖြစ်ပါတယ်။

စွမ်းရည်ပြင်းထန် ဥပါဒါန်ဖြင့် ခန္ဓာငါး၀ ကိုယ်ကာယ၌ အတ္တအစွဲမြဲကြီးမြဲ၍ ရဲရဲရက်ရက် ကိုယ့်အတွက်ကြောင့် သက်သတ်ခိုးမှု စသည်ပြုလျှက်

အကုသလ ဓမ္မ (၁၀)တန် အပြစ်လျှော၏ စသည်ဖြင့် ဥပါဒါန်ရဲ့အပြစ်ကို ဖွဲ့ဆို ထားခဲ့ပါတယ်။

## ငါးမျှားချိပ်ဥပမာ

အို တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ဥပါဒါန်တို့ရဲ့ စွမ်းအင်ဟာ အင်မတန်ပြင်းထန်လှပါတယ်။

အထန်အပြင်း အယူတင်း၍ ဝင့်ခင်းဝင့်နွယ် ဝင့်ပင်လယ်မှ လွတ်ဖွယ် မအား တမားမားသည် လေးပါးဥပါဒါန် စွမ်းရည်တည်းလို့ ဥပါဒါန် စွမ်းအား၊ ဆွဲအား ဖွဲ့ဆိုထားပါတယ်။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာများမှာ ဥပါဒါန်လေးပါးထဲက ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်အဖြစ် နည်းပါတယ်။ ကာမုပါဒါန်နဲ့ အတ္တဝါဒုပါဒါန် (၂)မျိုး ကတော့ အများလိုပဲ အစွဲအလမ်းများပါတယ်။

ယခုအခါ ကာမုပါဒါန်နဲ့ အတ္တဝါဒုပါဒါန် (၂)မျိုးက လွတ်မြောက်ရန် ခုန်ထွက်ရန် နည်းလမ်းတွေ တွေ့နေကြရပါပြီ။ ဒါပေမယ့် ငါးမျှားချိပ်မိတဲ့ ငါးလို ဖြစ်နိုင်ပါတယ်။ ငါးမျှားချိပ်မိတဲ့ ငါးတစ်ကောင်ဟာ အဲဒီတိုင်ခြေမှာနေတုန်းတော့ တင်းကြပ်မှန်း မသိသေးဘူး။ ဟိုဟိုဒီဒီ သွားမယ်လို့ ရုန်းလိုက်တော့မှ မိမှန်း၊ ငြိမှန်းသိပါတော့တယ်။

အဲဒီလိုပဲ ကာမုပါဒါန်၊ အတ္တဝါဒုပါဒါန် (၂)မျိုးရှိနေသူတိုင်း သက်ရှိ သက်မဲ့ ပစ္စည်းဝတ္ထုတို့အလယ်မှာ နေထိုင်စောင့်ရှောက်နေစဉ်တော့ အဲဒီ သက်ရှိသက်မဲ့တို့အပေါ် တွယ်တာတဲ့တဏှာကို အလွန်တင်းကြပ်မှန်း မသိလှ သေးပါ။

သဗ္ဗညုဘုရားရှင် တရားတော်နာကြားခွင့်ရလို့ ယုံကြည်မှုတွေ ဖြစ်လာ၊ သဘောကျလာတော့ သက်ရှိသက်မဲ့ ပစ္စည်းဝတ္ထုတွေကို စွန့်ထွက်ရသော် ကောင်းမှာပဲလို့ ကြံစည်ရုံမျှလေးနဲ့ပဲ တင်းကြပ်လာတတ်ပါတယ်။

စွဲလမ်းရာများမှ ထွက်မယ် ထွက်မယ်ဆိုတဲ့ ရက်တွေ၊ လတွေ၊ နှစ်တွေ ရွှေ့ဆိုင်းရတတ်ပါတယ်။ ထွက်ချိန်ရောက်လို့ ထွက်မယ်ကြံလဲ နောက်ဆံတင်း နေတတ်ပါတယ်။

တကယ် မထွက်နိုင်သေးတောင် ထွက်မြောက်ဖို့ ကြံစည်သင့်ပါတယ်။ ထွက်ဖို့ရန် အကြံဟာအင်မတန်ကောင်းပါတယ်။ တစ်ဘဝတက် တစ်ဘဝ ရင့်သန်လာနိုင်ပါတယ်။ ထွက်လိုတဲ့ဆန္ဒ တစ်ဘဝထက် တစ်ဘဝ ရင့်သန်ပြီ ဆိုရင် စွဲလမ်းစရာတွေ အကုန်ဖြုတ်ပြီး ထွက်မြောက်နိုင်ပါလိမ့်မယ်။

ယခုလို ဗုဒ္ဓသာသနာတော်ကြီးနှင့် ကြုံကြိုက်၊ ဘုရားတရားတော်ကို နာကြားရရက်သားနဲ့မှ ထွက်လိုတဲ့ နေက္ခမဆန္ဒမဖြစ်သူတို့အဖို့ ပြောရရင် စွဲလမ်းရာများမှ ထွက်နိုင်ဖို့ မျိုးစ မြင်းစပင် မရရှိနိုင်သေးပါ။

အတ္တဝါဒုပါဒါန်နဲ့ ပတ်သက်လို့ လူကောင်ပမာဏ မီးခြစ်ခဲကြီးကို ကြည့်ပါ။ ပကတိအတိုင်းနေရင် ပွေ့ပိုက်ဆုပ်ကိုင်ထားပေမယ့် အေးမြနေတာ ပါပဲ။ ကော်ပတ်နဲ့တိုက်လိုက်ပါက ဘယ်နေရာကမဆို မီးတောက်နိုင်ပါတယ်။ မီးမတောက် မီးမလောင်တဲ့နေရာ မရှိပါ။ မီးခြစ်ခဲကြီးရော အနီးအပါးရှိ အဆောက်အဦတွေပါ လောင်ကျွမ်းနိုင်သလို အတ္တဝါဒုပါဒါန် ဆိုတဲ့ သက္ကာယဒိဋ္ဌိ ရှိနေသူတိုင်းလဲ သူတစ်ပါးတို့က အထိအပါးမရှိ အလိုအလျှောက် အေးအေး ဆေးဆေးနေတဲ့အချိန်ဆိုရင်တော့ မထင်ရှားသေးဘူး။

သူတစ်ပါးတို့က မိမိကို ကာယကံ၊ ဝစီကံမြောက် အနာတရ ထိပါး ပုတ်ခတ်လာတဲ့အခါ ဟော နေရာတိုင်းက ငါမီးတောက်တော့တာပါပဲ။ ငါ့ကိုမှ ပြောရလေခြင်း၊ ပြုရလေခြင်း ဆိုပြီး ငါကထွက်ပေါ်လာတတ်ပါတယ်။

## ဥပါဒါန်ကြောင့် ဥပါဒ်ရောက်

အို တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ အဲဒီလို စွဲလမ်းမှုတွေ ထဲက မထွက်နိုင်တဲ့သူတိုင်း ရန်သူမျိုးငါးပါး၊ (၂၅)ပါးသောဘေး၊ (၃၂)ပါးသော

ကံကြမ္မာ၊ (၉၆)ဖြာသော အနာရောဂါ၊ (၁၆)ပါးသော ဥပဒ္ဒဝေါ၊ (၁၀)ပါးသော ဒဏ်စသည်နဲ့ တွေ့ကြုံရလို့ ထိုထို သက်ရှိသက်မဲ့ ပစ္စည်းဝတ္ထုတို့ ပျက်စီးကိန်းကြုံကြိုက် စိုးရိမ်မှုတွေ ဆိုက်ရောက်လာတဲ့အခါ ကာမုပါဒါန် အားများလျှင် များတဲ့အလျှောက် ဥပါဒါန်အစွဲ အားနည်းလျှင် အားနည်းသည့်အလျှောက် ဥပါဒါန်ရဲ့ အခိုးအကင်း စိုးရိမ်ပူဆွေးခြင်း စသည်တို့ ဖြစ်ကြရပါတယ်။ အဲဒါ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ပုံပါပဲ။

## ဆေးနိဒါန်း

အခုအခါ အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ဥပါဒါန်ရောဂါဆိုးကြီးကို ကုစား နိုင်တဲ့ ဆေးကောင်းဝါးကောင်း တွေ့ရှိနေပုံရယ်၊ ဆေးနိဒါန်းရယ် ဆက်ပြောပါ့မယ်။

သာသနာပအခါမှာ သံဝေဂရတောထွက်ကြတဲ့ ရသေ့များပင် ကာမုပါဒါန်ကို ခွာနိုင်ပါသေးတယ်။ အတ္တဝါဒုပါဒါန်ကိုတော့ သာသနာပမှာ သရဘင်္ဂစတဲ့ ဘုရားအလောင်းတော်ကြီးများပင် မခွာနိုင်ပါ။

ပစ္စေကဗုဒ္ဓါတို့အနေနဲ့ ကာမုပါဒါန်ကို အကြွင်းမရှိ ပယ်ခွာနိုင်ပြီး သူတစ်ပါးတို့အားလဲ ကာမုပါဒါန်၏ အပြစ်အနာအဆာကို ထင်ရှားအောင် ဟောတော်မူနိုင်ကြပါတယ်။

အတ္တဝါဒုပါဒါန်ကိုမူ မိမိသာ အကြွင်းမဲ့ပယ်နိုင်၍ သူတစ်ပါးတို့အား မဟောပါကုန်။ ထို့ကြောင့် ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက “ငါသည် သံသရာတစ်လျှောက်လုံး အတ္တဝါဒ ဗြဟ္မာဝါဒများကို နာကြားသင်ယူလျှက် သံသရာကျင်လည်ခဲ့ရလှပြီ။ ယခုဘဝ ကံကောင်းထောက်မ၍ ဘုရားသာသနာတော်နှင့် ကြုံခိုက် အနတ္တဆိုင်ရာ တရားတော်တွေကိုသာ သင်အံပို့ချ ရေးသားဟောပြော ကြိုးစားအားထုတ်မှ တော်ပေမည်”ဟု မိန့်တော်မူဘူးပါတယ်။

မှန်ပါတယ် ----- သာသနာပမှာ မဟာကမ္ဘာတွေ အသင်္ချေပင် ကြာပါသော်လည်း အတ္တဝါဒုပါဒါန်ခေါ် သက္ကာယဒိဋ္ဌိကို ကုစားနိုင်သော ဆေးကောင်းဝါးကောင်းဟူ၍ မရရှိနိုင်ပါ။

သဗ္ဗညုဘုရားရှင်တို့ ပွင့်တော်မူရာ သာသနာတော်မြတ်အတွင်းမှာသာ အတ္တဝါဒုပါဒါန် ငါအစွဲကို ငရဲမီးကြီးမှန်း သိကြရပါတယ်။ ပျောက်ငြိမ်းရာသော ဆေးကောင်းဝါးကောင်းလဲ အရာအထောင်မက ပေါ်များပါတယ်။

အဘိဓမ္မာ ခုနှစ်ကျမ်းသည် အတ္တဝါဒုပါဒါန် ခေါ် သက္ကာယဒိဋ္ဌိ ငရဲမီးကြီးကို ငြိမ်းသတ်ရန် ဆေးကောင်းဝါးကောင်း ဖြစ်ပါတယ်။ သုတ္တန်ဒေသနာတော်မှာ ခန္ဓာ အာယတန ဓာတ်ဆိုင်ရာ ဒေသနာတော် စသည် တို့လဲ အတ္တဝါဒုပါဒါန် ငရဲမီးငြိမ်းသတ်ရန် ဆေးတော်များပင် ဖြစ်ပါတယ်။ ဆေးနည်းလိုရင်းက -

"ရေမြေလေမီး ဓာတ်ကြီးလေးခု စက္ခုသောတ ဃာနဇိဝှာ ကာယာမန ဆအကြည်ဓာတ် ဖဿဝေဒနာ စေတနာနှင့် သညာတဝ ဤဓာတ်မျှကို လှလှကိုယ်တွင် ကွင်းကွင်းမြင်က ဉဉ်သက္ကာယ သေကိန်းကျသည် ဆေးများသိဒ္ဓိ အဂျော်တည်း"။

ဒီဆေးနိဒါန်းကို ကြေကြေကျက် တစ်ဆယ့်လေးမျိုးသော ဓာတ်ရင်းဓာတ်မြစ်တွေကို ကိုးသ့်သန္တာန်၊ သူ့သန္တာန်မှာ ကွက်ကွက်ကွင်းကွင်း ဖြစ်မှုပျက်မှု လှလှပိုင်ပိုင် မြင်စမ်းနိုင်အောင် သဒ္ဓါဆန္ဒ ဝီရိယဖြင့် နေ့ညဥ့်မခြား သင်အံပို့ချ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါကုန်လော့ဟု တိုက်တွန်းပါတယ်။

## ရွတ်ဖတ်ပူဇော်

အို အရှင်မြတ်တို့ ယခုအချိန်ကစပြီး လွန်ခဲ့သောနှစ်ပေါင်း ၂၅၉၅ နှစ်က အတ္တဝါဒုပါဒါန် ပယ်လှန်ငြိမ်းသတ် ငရဲမီးအပူဓာတ်ကြီးကို ငြိမ်းစေတော်မူခဲ့သော အနတ္တလက္ခဏာသုတ္တံ ဒေသနာတော်မြတ်ကို ရွတ်ဖတ်ပူဇော်တော်မူကြပါကုန်စို့ အရှင် အရှင်တို့ဘုရား။

ဧဝံမေသုတံ၊ ဧကံသမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ တတြခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ-

ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။ ဝေဒနာအနတ္တာ၊ ဝေဒနာစဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ဝေဒနာယ ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီတိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ"တိ။

သညာ အနတ္တာ၊ သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ"တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ"တိ။

သင်္ခါရာ အနတ္တာ၊ သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ[၁] သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ၊ လဗ္ဘေထ စ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု"န္တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ၊

---

၁-နယိမေ (တ)

န စ လဗ္ဘတိ သင်္ခါရေသု “ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု”န္တိ။

ဝိညာဏံ အနတ္တာ၊ ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ဝိညာဏေ “ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ”တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ဝိညာဏေ “ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ” တိ။

တံ ကိံ မညထ ဘိက္ခဝေ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ”တိ။ နော ဟေတံ ဘန္တေ။

ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ”တိ။ နော ဟေတံ ဘန္တေ။ သညာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ”တိ။ နော ဟေတံ ဘန္တေ။

သင်္ခါရာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ”တိ။ နော ဟေတံ ဘန္တေ။

ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ။

တသ္မာတိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ၊ ယံ ဒူရေ[၂] သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ယာ ကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ၊ ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ ဝေဒနာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ယာ ကာစိ သညာ အတီတာနာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ၊ ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာသညာ "နေတံ မမ၊ နေသော ဟသမ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ယေ ကေစိ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ၊ ယေ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗေ သင်္ခါရာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ယံ ကိဉ္စိ ဝိညာဏံ အတီတာ နာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ နေတံ မမ၊ နသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

---

၂-ယံ ဒူရေ ဝါ (သျာ)

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ"တိ ပဇာနာတီတိ။

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ[၃]။ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု။ တေန ခေါ ပန သမယေန ဆ လောကေ အရဟန္တော ဟောန္တိ။

တရားနိဂုံး

အနာဒိဒံ ဘဝစက္ကံ၊ ဝီတကာရက ဝေဒကံ။

နိစ္စသုခ သုဘတ္တေဟိ၊ သုညံပဿေ ပုနပ္ပုနံ။ ။

ဣဒံ ဘဝစက္ကံ= ဘဝများမြောင် ဒုက္ခဆောင်လျက် အခေါင်ရှည်ကြာ သံသရာဘက်ရွှန်း ဤစက်ဝန်းသည်၊ အနာဒိ-အနာဒိဝတ= ကမ္ဘာ့ကမ္ဘာ အစရှာလည်း ရစရာပိုင်ပိုင် မရှိနိုင်ပါတကား။ ဝီတကာရက ဝေဒကံ= သူပြုတည်ဖန် သူခံစံဟု ယူရန်အတ္တ လုံးဝမယှဉ် ကင်းစင်လေပြီတကား။

နိစ္စသုခ သုဘတ္တေဟိ= မြဲရန်အချက် ချမ်းသာကွက်နှင့် နှစ်သက် ဖွယ်နှော တင့်တယ်သော သဘောတို့မှ၊ သုညံ= ဧကန်လုံးလုံး ဆိတ်သုဉ်းခဲ့လေ ပြီတကား။ တသ္မာ= ထို့ကြောင့်၊ ပုနပ္ပုနံ= တစ်နေ့တစ်ရက် တစ်နံနက်မျှ မကစိတ်စွဲ အမြဲထာဝရပင်လျှင်၊ ပဿေ= မိဗ္ဗာန်မြင့်မြင့် နိဗ္ဗာန်ပွင့်အောင် မလင့်ပုံသေ ရှုစားသင့်ပါပေသတည်း။

သာဓု - သာဓု - သာဓု

---

၃- အဘိနန္ဒုံ (သျှာ)

# နာဂလှိုင်ဂူ ဘုရားကုန်းမြေ
# NAGA HLAINGGU PAGODA HLOCK

# ကလေးဝတောရစာသင်တိုက်နှင့်
# KALAYWATAWYA EDUCATION CENTRE AND

# ဘုန်းတော်ကြီးသင် ပညာရေးကျောင်း
# MONASTIC EDUCATION SCHOOL

## ၂၀၀၆-၂၀၀၇ ပညာသင်နှစ်
## 2006/2007 ACADEMIC YEAR

## စာချစာသင်စာရင်း
## LIST OF BHIKKHUS, SAMANERAS AND NUNS

| | | | | |
|---|---|---|---|---|
| ၁။ | တိုင်းအသီးသီး | - | SEVERAL DIVISION | 351 |
| ၂။ | ပအိုဝ့် | - | PAOE | 280 |
| ၃။ | ပလောင် | - | PALAUNG | 160 |
| ၄။ | ရှမ်း | - | SHAN | 155 |
| ၅။ | ချင်း | - | CHIN | 135 |
| ၆။ | ကရင် | - | KAYIN | 99 |
| ၇။ | ပဒေါင် | - | PADAUNG | 70 |
| ၈။ | ရခိုင် | - | RAKHING | 69 |
| ၉။ | ဝ | - | WA | 59 |
| ၁၀။ | ခမီး | - | KHAMEE | 51 |

| | | | | |
|---|---|---|---|---|
| ၁၁။ | နာဂ | - | NAGA | 31 |
| ၁၂။ | အိန္ဒိယ | - | INDIAN | 10 |
| ၁၃။ | ဗီယက်နမ် | - | VIETNAM | 6 |
| ၁၄။ | ကယား | - | KAYA | 6 |
| ၁၅။ | ကယမ်း | - | KAYAN | 5 |
| ၁၆။ | တောင်ရိုး | - | TAUNGYOE | 4 |
| ၁၇။ | ဓနု | - | DANU | 1 |
| ၁၈။ | လီဆူး | - | LESU | 1 |
| ၁၉။ | မြို | - | MYO | 1 |
| ၂၀။ | ကချင် | - | KACHIN | 1 |
| | | | **TOTAL** | **1495.** |

| | | | | |
|---|---|---|---|---|
| ၁။ | ရဟန်းတော် | - | MONKS | 90 |
| ၂။ | ရှင်သာမဏေ | - | NOVICES | 995 |
| ၃။ | သီလရှင် | - | NUNS | 218 |
| ၄။ | ကျောင်းသား/သူ | - | STUDENTS | 192 |
| | | | **TOTAL** | **1495** |

သို့

ဦးဇော်ဝါဖြိုးကျော်

ညွှန်ကြားရေးမှူး

၁၄-၁၀-၆

လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

**တွဲဖက်အကျိုးတော်ဆောင်**

**ကလေးဝတောရဆရာတော်၏ မွေးနေ့ဖြစ်သော**

၁၃၆၈ – ခု၊ ဝါခေါင်လပြည့်ကျော် (၇)ရက်၊ အင်္ဂါနေ့

(၁၅ – ၈ – ၂၀၀၆) နံနက် (၈)နာရီအချိန်၌

၁။ လယ်တီဝိပဿနာ စာအုပ်များ လှူဒါန်းပွဲ၊

၂။ ငွေပဒေသာပင်များ ရေစက်ချပွဲ၊

၃။ ကျောင်းတိုက် ဝါဆိုရဟန်းသာမဏေ (၁၅၀၀)ကျော်တို့အား ဝါဆိုသင်္ကန်း လှူဒါန်းပွဲ၊

၄။ သာသနာ့နွယ်ဝင် သီလရှင် (၂၀၀)ကျော်တို့အား ဝတ်စုံများ လှူဒါန်းပွဲ၊

၅။ ပင့်သံဃာတော်များနှင့် စာချစာသင် (၁၅၀၀)ကျော်တို့အား နေ့ဆွမ်း ဆက်ကပ်ပြီး ဧည့်ပရိသတ်တို့အား နံနက်စာဖြင့် ဧည့်ခံမည် ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဝေယျာဝစ္စအဖွဲ့၊ နာဂလိုဏ်ဂူ၊ ဖုန်း–၆၅၁၀၆၄